# ဂျပန်နိုင်ငံသို့ လာရောက်ရန် စီစဉ်ထားသော သူများအတွက် ကိုင်တွယ်ဖြေရှင်းမှု

၂၀၂၀ခုနှစ် ဇွန်လ ၂၆ ရက်
(၂၀၂၂ခုနှစ် အောက်တိုဘာလ ၇ ရက် တွင်မွမ်းမံသည်)
လူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်မှုစီမံခန့်ခွဲရေးဌာန

## ၁ နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ် ရရှိထားသူများ သို့မဟုတ် နေထိုင်ခွင့်အရည်အချင်းပြည့်မီကြောင်း ထောက်ခံချက်လက်မှတ်ရရှိရန် လျှောက်ထားသူများ

**① နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ် ရရှိထားသူများ**

ပုံမှန်မှာ ၃လအကြာထိ သက်တမ်းရှိသော်လည်း ခြွင်းချက်အနေဖြင့် အောက်ပါအတိုင်း ကိုင်တွယ်ဖြေရှင်းပါမည်။

○ ၂၀၂၀ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့ မှ ၂၀၂၂ခုနှစ် ဧပြီလ ၃၀ရက်နေ့ အထိတွင် ပြုလုပ်ခဲ့သော နေထိုင်ခွင့်အရည်အချင်းပြည့်မီကြောင်း ထောက်ခံချက် လက်မှတ်အား ၂၀၂၂ခုနှစ် အောက်တိုဘာလ ၃၁ရက်နေ့အထိ တရားဝင်လက်မှတ်အဖြစ် သတ်မှတ်ပေးမည်။

○ ၂၀၂၂ခုနှစ် မေလ ၁ရက်နေ့ မှ ၂၀၂၂ခုနှစ် ဇူလိုင်လ ၃၁ရက်နေ့ အထိတွင် ပြုလုပ်ခဲ့သော နေထိုင်ခွင့်အရည်အချင်းပြည့်မီကြောင်း ထောက်ခံချက်လက်မှတ်အား ပြုလုပ်ခဲ့သည့်နေ့မှစ၍ ၆လကြာ တရားဝင်လက်မှတ်အဖြစ် သတ်မှတ်ပေးမည်။

* ၂၀၂၃ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ပြုလုပ်ခဲ့သော နေထိုင်ခွင့်အရည်အချင်းပြည့်မီကြောင်း လက်မှတ်ရဲ့ လျှောက်လွှာများအနေဖြင့် ယခင်လျှောက်လွှာမှစပြီး အပြောင်းအလဲမရှိပါက စည်းကမ်းချက်များအရ လျှောက်ထားသူသည် (၁) ယခင်က ထုတ်ပေးခဲ့သော နေထိုင်ခွင့်အရည်အချင်းပြည့်မီကြောင်း ထောက်ခံချက်လက်မှတ် (မူရင်း (သို့) မိတ္တူ) နှင့် (၂) လက်ခံအေဂျင်စီမှ ရေးသားထားသော အကြောင်းပြစာ စသည်တို့ဖြင့် တင်သွင်းပါက စည်းမျဉ်းအတိုင်း အမြန်ထုတ်ပေးပါမည်။ အသေးစိတ်ကို ဤနေရာတွင် ကြည့်ပါ။

**② နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ် ရရှိရန်လျှောက်ထားသူများ**

လက်ရှိတွင် လျှောက်ထားဆဲဖြစ်သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လုပ်ရှားမှုစတင်ချိန်ကို ပြောင်းလဲပါက မူဝါဒအနေဖြင့် လက်ခံအေဂျင်စီမှ ရေးသားထားသော အကြောင်းပြစာကိုသာ သုံးသပ်စစ်ဆေးပါမည်။

## ၂ နေထိုင်ခွင့်လျှောက်ထားစဉ်အတွင်း ပြန်လည်ပြည်ဝင်ခွင့်ဖြင့် ဂျပန်မှထွက်ခွာသွားသူများ

**[မှတ်ချက်] ဤလုပ်ဆောင်မှုသည် ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၁ ရက် သို့မဟုတ် ပြီးနောက်တွင် တင်သွင်းသည့် လျှောက်လွှာများနှင့် သက်ဆိုင်ခြင်းမရှိပါ။**

ပြန်လည်ပြည့်ဝင်ခွင့် (ယာယီပြန်လည်ပြည့်ဝင်ခွင့်ပါဝင်သည်)ဖြင့် ဂျပန်မှထွက်ခွာနေဆဲသူများမှာ မထွက်ခွာမီ နေထိုင်ခွင့်ကာလပြောင်းလဲမှုခွင့်ပြုရန်လျှောက်လွှာ သို့မဟုတ် အမြဲတမ်းနေထိုင်ခွင့်လျှောက်လွှာကို လျှောက်ထားပြီး ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပြန်လည်ပြည့်ဝင်မှု မလုပ်နိုင်ပါက ဂျပန်နိုင်ငံတွင်ရှိနေသောမိသားစု သို့မဟုတ် လက်ခံသော အေဂျင်စီမှ ဝန်ထမ်းက သက်ဆိုင်ရာခွင့်ပြုချက်များနှင့် စပ်လျဉ်း၍ နေထိုင်ခွင့်ကတ်ပြား၏ ကိုယ်စားလှယ်လက်ခံလွှာကို အသိအမှတ်ပြုပါက ဂျပန်မှထွက်ခွာနေဆဲသူများမှာ ပြန်လည်ပြည်ဝင်ခွင့်ဖြင့် ပြည်ဝင်ခွင့်လျှောက်လွှာတင်နိုင်သည်။

## ၃ ပြန်လည်ပြည်ဝင်ခွင့်ဖြင့် ဂျပန်မှထွက်ခွာနေဆဲတွင် ပြန်လည်ပြည်ဝင်ခွင့်ကာလကို ကျော်လွန်သွားသော သူများအတွက်

**[မှတ်ချက်] ဤလုပ်ဆောင်မှုသည် ၂၀၂၃ ခုနှစ် ဧပြီလ ၃၀ ရက်နေ့ အထိသာ ရရှိနိုင်ပါသည်။ *အသေးစိတ်အတွက် လင့်ခ် တစ်ခုချင်းစီကို ကြည့်ပါ။**

① နေထိုင်ခွင့်အရည်အချင်းပြည့်မီကြောင်း ထောက်ခံချက်လက်မှတ်မရရှိနိုင်သူများ (“အမြဲတမ်းနေထိုင်သူ”များ)
နိုင်ငံခြားတွင် နေထိုင်နေစဉ် နိုင်ငံခြားသံတမန်ရေးရာဦးစီးဌာနတွင် ဗီဇာလျှောက်ပါ။

※"အမြဲတမ်းနေထိုင်သူ"များနှင့် စပ်လျဉ်း၍ အသေးစိတ်ကို ဤနေရာတွင်ကြည့်ပါ။

※"အမြဲတမ်းနေထိုင်သူ (အသိပေးခြင်းမရှိ)" သို့မဟုတ် "အထူးလှုပ်ရှားမှုပြုသူ(အသိပေးခြင်းမရှိ)"များနှင့် စပ်လျဉ်း၍ အသေးစိတ်ကို ဤနေရာတွင်ကြည့်ပါ။

② နေထိုင်ခွင့်အရည်အချင်းပြည့်မီကြောင်း ထောက်ခံချက်လက်မှတ် ရရှိနိုင်သူများ (ပညာတော်သင်ကျောင်းသား၊ ကျွမ်းကျင်သင်တန်းသား၊ နည်းပညာ နှင့် လူမှုသိပညာ၊ နိုင်ငံတကာရေးရာ စသည်) ဂျပန်နိုင်ငံတွင် အလယ်အလတ်နှင့် ကာလရှည်ကြာနေထိုင်သူ (ပညာတော်သင်ကျောင်းသား၊ ကျွမ်းကျင်သင်တန်းသား စသည်) အနေဖြင့် နေထိုင်နေသူများမှာ ပြန်လည်ပြည်ဝင်ခွင့်ဖြင့် ဂျပန်မှထွက်ခွာနေဆဲတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပြန်လည်ပြည်ဝင်မှု မလုပ်နိုင်ဘဲ၊ နေထိုင်ခွင့် ကာလကို ကျော်လွန်သွားပြီး အသစ်တစ်ဖန် နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ် လျှောက်ထားသူများနှင့် စပ်လျဉ်း၍ မူဝါဒအနေ ဖြင့် လျှောက်လွှာနှင့် လက်ခံအေဂျင်စီမှ ရေးသားထားသော အကြောင်းပြစာကိုသာ သုံးသပ်စစ်ဆေးပါမည်။ ※ အသေးစိတ်ကို ဤနေရာတွင် ကြည့်ပါ။

③ "အဆင့်မြင့်ကျွမ်းကျင်ဝန်ထမ်း အမှတ်စဉ် ၂" အနေဖြင့် နေထိုင်နေဆဲသူများ

② နှင့် စပ်လျဉ်း၍ "အဆင့်မြင့်ကျွမ်းကျင်ဝန်ထမ်း **အမှတ်စဉ် ၁**" အနေဖြင့် ယခင်လှုပ်ရှားမှုများအလိုက် ရနေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ်ကို လျှောက်ထားပါ။
("အဆင့်မြင့်ကျွမ်းကျင်ဝန်ထမ်း အမှတ်စဉ် ၁" အတွက် ဗီဇာကို လက်ခံရရှိနိုင်မည်ဖြစ်သော်လည်း ဂျပန်နိုင်ငံသို့ ဝင်ရောက်ချိန်တွင် ဂျပန်နိုင်ငံရှိ လေဆိပ်၌ "အဆင့်မြင့်ကျွမ်းကျင်ဝန်ထမ်း အမှတ်စဉ် ၂" အဖြစ် အသစ်တစ်ဖန် နိုင်ငံသို့ ဝင်ရောက်ရန် လုပ်ဆောင်သင့်သည် များကို လုပ်ဆောင်နိုင်မည်။)